# ၁၉၆၀ ပြည့်နှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ်ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်)အက်ဥပဒေ။*

[၁၉၆၀ ပြည့်နှစ်၊ အက်ဥပဒေအမှတ် ၃၀။]
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်)

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၆၀ ပြည့်နှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ။ ၁၉၅၁ ခုနှစ်၊ နိုင်ငံတော်ပြည်သူ့အိုးအိမ် ပြန်လည်ထူထောင်ရေးနှင့် မြို့ရွာစည်ပင်ရေးအဖွဲ့ အက်ဥပဒေ၏ ပုဒ်မ ၃၆ အစား၊ အောက်ပါကို၊ ပုဒ်မ ၃၆ အဖြစ် ထည့်သွင်းရမည်။

"၃၆ ။ ။ (၁) အဖွဲ့သည်၊ နိုင်ငံတော်သမ္မတက ဆင့်ဆိုသည့် ကာလအပိုင်းအခြားများအတွက် အဖွဲ့၏ ငွေစာရင်းရှင်းတမ်းအပြင် အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကို၊ နိုင်ငံတော်သမ္မတထံ ပေးပို့ရမည်။

*စာရင်းများကို စစ်ဆေးခြင်းနှင့် စာရင်းစစ်ချက် အစီရင်ခံစာ။*

(၂) အဖွဲ့သည်၊ မိမိ၏လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သော ငွေစာရင်းများကို၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံနည်းစံနစ်နှင့် ပုံစံအတိုင်းထားရှိရမည်။

(၃) အဖွဲ့၏ ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက်၊ စာရင်းစစ်ချက် အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီးခန့်ထားသော မှတ်ပုံဝင်စာရင်းစစ်များအား၊ နိုင်ငံတော်သမ္မတ၏ သဘောတူညီချက်ဖြင့်၊ အဖွဲ့၏ ငွေစာရင်းများကို၊ ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်း ကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့၏ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့် တစ်ပြိုင်နက်၊ အဖွဲ့သည်၊ နိုင်ငံတော်သမ္မတထံသို့၊ ထိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစ်စောင်ကို၊ စာရင်းစစ်ချက်အစီရင်ခံစာ မိတ္တူတစ်စောင်နှင့်တကွ တင်ပြရမည်။ ထို့ပြင် ထိုရှင်းတမ်းနှင့် အစီရင်ခံစာအသီးသီး၏ မိတ္တူတစ်စောင်စီကို အဖွဲ့၏ဗဟိုရုံးတွင် လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက် ထားရှိရမည်။

(၅) ဤအက်ဥပဒေအရ နိုင်ငံတော်စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကို မဆို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ အာဏာလွှဲအပ်ထားသည့် ၎င်း၏လက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်

* မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ (၂၂)ရက်၊ စာမျက်နှာ - ၁၄၈၂။

သည်၊ ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိအလုပ်ခွင်တွင် မရှိသည့် အခါမှတစ်ပါး၊ ဤအက်ဥပဒေအရ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့် အစီရင်ခံစာကို၊ ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား၊ အာဏာလွှဲအပ်ခြင်း မပြုရ။"

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၂၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်။
(၁၉၆၀ ပြည့်နှစ်၊ အောက်တိုဘာလ ၆ ရက်။)

အမိန့်အရ၊
သာထက်၊
နိုင်ငံတော်သမ္မတ၏ အတွင်းဝန်။